HARP-F
Humanitarian Assistance and Resilience Programme Facility

CROWN AGENTS
ACCELERATING SELF-SUFFICIENCY & PROSPERITY

# ပူးပေါင်းဆောင်ရွက်မှု ခေတ်တစ်ခေတ်ဆန်းပြီလား။ (A Participation Revolution?) မြန်မာနိုင်ငံတွင် WaSH စီမံကိန်းများ၌ Grand Bargain ၏ ကတိကဝတ်များကို အကောင်အထည်ဖော်ရာတွင် ရပ်ရွာလူထုပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ရရှိသည့် အတွေ့အကြုံ - COVID-19 နှင့် အာဏာသိမ်းမှု ကာလများအတွင်း ကြံ့ကြံ့ခံနိုင်မှုဆီသို့ လမ်းကြောင်းတစ်ခု

**တနင်္လာနေ့ -ဒီဇင်ဘာလ ၁၃ ရက်နေ့၊ မြန်မာစံတော်ချိန် နေ့လည် ၃.၃၀-၅.၃၀/ မနက် ၉-၁၁ နာရီ (ဂရင်းနစ်စံတော်ချိန်)**

**အမည်စာရင်းပေးသွင်းရန်** - bit.ly/HARP-FWebinars
Facebook **တွင်** Live **ကြည့်ရှုရန်အတွက်**- https://www.facebook.com/HARPfacility/
**ဆွေးနွေးပွဲ** (webinar) **ကို မြန်မာဘာသာ နှင့် အင်္ဂလိပ်ဘာသာဖြင့် ပြုလုပ်သွားပါမည်။**

**HARP Facility** သည် ၂၀၁၆ ခုနှစ်ကတည်းက နှစ်ပေါင်းများစွာ/နှစ်ရှည်အတွက် ရန်ပုံငွေပေးအပ်သည့် လူသားချင်းစာနာမှုဆိုင်ရာ **WASH** လုပ်ငန်းများအတွက် အကြီးမားဆုံးသော ရန်ပုံငွေထောက်ပံ့မှု ယန္တရားဖြစ်ကာ လက်ရှိရန်ပုံငွေပမာဏ £၂၂.၄ သန်းဖြင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် ပဋိပက္ခဒဏ်ခံစားနေရသည့် လူပေါင်း ၂၄၃,၀၀၀ ကျော်ထံသို့ တိုက်ရိုက်ရောက်ရှိနေပါသည်။

လူသားချင်းစာနာမှုဆိုင်ရာ လုပ်ကိုင်နေကြသည့် အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများသည် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် 'ပူးပေါင်းဆောင်ရွက်မှု ခေတ်တစ်ခေတ်ဆန်းမှု' ဖန်တီးတည်ဆောက်ရန် **Grand Bargain** မှ တဆင့် ကတိကဝတ် ပြုလုပ်ခဲ့သည်။ သို့သော်လည်း ဤလုပ်ငန်းလုပ်ကိုင်သူများအကြား တိုးတက်မှုသည် စိတ်ပျက်ဖွယ်ရာ ဖြစ်ခဲ့ပြီး နဂိုမူလ ရည်မှန်းချက်များကို ပြည့်မီရန် မဆောင်ရွက်နိုင်ခဲ့ကြကြောင်း လတ်တလောပြုလုပ်ခဲ့သည့် မှီခိုမှုကင်းသော **Grand Bargain**(1) ၏ နှစ်ပတ်လည် ပြန်လည်သုံးသပ်မှု အစီရင်ခံစာများတွင် တွေ့ရှိခဲ့သည်။

**HARP Facility** မှ ပြုလုပ်သည့်အရာတိုင်းတွင် ဒေသတွင်း ကိုက်ညီမှုရှိအောင် ဆောင်ရွက်ခြင်း **(Localisation)** နှင့် ရပ်ရွာလူထု ပူးပေါင်းဆောင်ရွက်မှုတို့သည် အဓိကကျပါသည်။ ထိုသို့ပြုလုပ်ခြင်းသည် မြန်မာနိုင်ငံတွင် အဖြစ်များပြီး လွှမ်းမိုးမှုရှိနေခဲ့ပါသည်။ မြန်မာနိုင်ငံတွင် **COVID-19** ကပ်ရောဂါနှင့် အာဏာသိမ်းမှုများဖြစ်နေစဉ်တွင် ကူညီထောက်ပံ့မှုရရှိစေရန် ပြည်တွင်းမိတ်ဖက်အဖွဲ့အစည်းများ၊ ဝန်ထမ်းများ၊ ရပ်ရွာတွင်း လုပ်ကိုင်ပေးသူများ နှင့် စေတနာ့ဝန်ထမ်းများကို အလှူရှင်အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ ပိုမို အားကိုးဆောင်ရွက်ခဲ့ကြသည်။

ယခုဆွေးနွေးပွဲ **(webinar)**တွင် **WaSH** စီမံကိန်းဆောင်ရွက်ခြင်းများ၌ ရပ်ရွာလူထုများ၏ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရယူနိုင်သည့် နည်းလမ်းများကို ကျွန်ုပ်တို့ လေ့လာသွားမည်ဖြစ်ပြီး ရပ်ရွာလူထုများအပေါ် တိုက်ရိုက်သက်ရောက်မည့် အရာများအတွက် ၎င်းတို့မှ တုံ့ပြန်ဖြေဆိုမှု တောင်းဆိုသည့် အဆင့်ကို ကျော်လွန်ကာ ၎င်းတို့ကိုယ်တိုင် ဆုံးဖြတ်ချက်ချမှတ်နိုင်သည့် အဆင့်သို့ လျှောက်လှမ်းနိုင်ခဲ့သည့် ချဉ်းကပ်ပုံများကိုပါ ချဲ့ထွင်လေ့လာသွားပါမည်။ ရပ်ရွာလူထုများတွင် **WaSH** ဝန်ဆောင်မှုများကို ၎င်းတို့ကိုယ်တိုင် လက်လှမ်းမီရန် ၎င်းတို့ထံတွင် အာဏာပါဝါနှင့် လွှမ်းမိုးမှု ရှိနေသည့်အခါ မည်သို့ဖြစ်ပုံဆက်ဖြစ်သည် နှင့် လွန်ခဲ့သည် ၂ နှစ်တာအတွင်း ဝန်ဆောင်မှုများ ဆက်လက်တည်တံ့နေစေရန် ရပ်ရွာလူထုပူးပေါင်းပါဝင်မှုဆိုင်ရာ သင်ယူလိုက်ရသည်များကိုပါ ကျွန်ုပ်တို့ လေ့လာသွားပါမည်။

*1 Metcalfe-Hough, V., Fenton, W., Willitts-King, B. and Spencer, A. (2021) The Grand Bargain at five years: an independent review. Executive summary. HPG commissioned report. London: ODI (https://odi.org/en/publications/the-grand-bargain-at-five-years-an-independent-review).

©HARP-F partner



©HARP-F partner

**HARP-F ၏ WaSH ကဏ္ဍတွင် 'ပူးပေါင်းဆောင်ရွက်မှု မက်ထရစ် (participation matrix)' နှင့် WaSH လုပ်ငန်းစဉ်များအတွက် HARP-F ၏ နှစ်ရှည်ရန်ပုံငွေပေးအပ်ခြင်းအား ပြန်လည်သုံးသပ်မှု၏ ကနဦးတွေ့ရှိချက်များ၊ နှင့် ရပ်ရွာလူထုမှ ပိုင်ရှင်အဖြစ် လုပ်ကိုင်ဆောင်ရွက်ခြင်း၏ အကျိုးသက်ရောက်မှုများကို ကျွန်ုပ်တို့ တင်ပြဆွေးနွေးသွားပါမည်။ HARP-F ၏ မိတ်ဖက်အဖွဲ့ အစည်းများမှ ၎င်းတို့၏ WaSH ဆိုင်ရာကနဦး ဆောင်ရွက်မှုများတွင် ရပ်ရွာလူထုများ၏ ပူးပေါင်းဆောင်ရွက်မှုကို ရယူနိုင်ခဲ့သည့် ဥပမာများ၊ ထိုသို့ဆောင်ရွက်ခြင်း၏ အကျိုးသက်ရောက်မှု နှင့် ၎င်းတို့ တွေ့ကြုံခဲ့ရသည့် စိန်ခေါ်မှုများကို ဝေမျှသွားပါမည်။ WaSH ကဏ္ဍတွင် ကျွန်ုပ်တို့၏ အတွေ့အကြုံမှ ပေးအပ်သည့် သင်ခန်းစာများနှင့် အကြံပြုချက်များသည် အခြားသော ကဏ္ဍများ တွင် စီမံကိန်းဖော်ဆောင်ရန် မည်ကဲ့သို့ အသုံးပြုနိုင်ကြောင်းကိုပါ ကျွန်ုပ်တို့ ဆွေးနွေးသွားပါမည်။**

**အစီအစဉ် ဦးဆောင်ဆွေးနွေးသူ-** Toby Sexton ၊ **အသိပညာ၊ ဆက်သွယ်ရေး နှင့် ရေရှည်သက်ရောက်မှုဆိုင်ရာ ဒါရိုက်တာ** HARP-F

**မိတ်ဆက်ခြင်း-** Christian Snoad ၊ WaSH **နည်းပညာဆိုင်ရာ အကြံပေး။** HARP-F

**စကားဝိုင်း ဆွေးနွေးမည့်သူများ-** HARP-F **၏ မိတ်ဖက်အဖွဲ့အစည်းများ၊** Christian Snoad **မှ ဦးဆောင်၍ စကားဝိုင်းအစီအစဉ် ဆွေးနွေးမေးမြန်းသွားပါမည်**

**အရင်းအမြစ်များ-**

- HARP-F **၏** WaSH **စီမံကိန်းအကြောင်း** (bit.ly/WaSHprogramme)
- Lessons from the 'WASH Handbook for protracted emergencies: OXFAM-Solidarités experience in Myanmar' (bit.ly/WaSHManual)

ဤ ဆွေးနွေးပွဲ *(webinar)* သည် 'ကာလရှည် ပဋိပက္ခများတွင် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများကို ပြန်လည်သုံးသပ်ခြင်း' ခေါင်းစဉ်ဖြင့် *HARP-F* မှ အစီအစဉ်လိုက် ဦးဆောင်ကျင်းပသည့် ဆွေးနွေးပွဲများတွင် ပဉ္စမ ဆွေးနွေးပွဲ *(webinar)* ဖြစ်သည်။ ဒေသတွင်း နှင့် နိုင်ငံတကာအဆင့် စီမံကိန်းဖော်ဆောင်သူများမှ မြန်မာနိုင်ငံ၏ ရှုပ်ထွေးသော ပဋိပက္ခတွင် လူသားချင်းစာနာမှုဆိုင်ရာ စီမံကိန်းများ ဖော်ဆောင်ရာ၌ ၎င်းတို့၏ ကျွမ်းကျင်မှုများ ဝေမျှရန် ဤဆွေးနွေးပွဲများတွင် ဖိတ်ခေါ်ထားပြီး အခြားသော ကာလရှည် ပဋိပက္ခ အခြေအနေများ တွင် ရန်ပုံငွေ ထောက်ပံ့သည့် ပုံစံများ နှင့် သင်ယူလိုက်ရသည့် သင်ခန်းစာများကို ဆွေးနွေးမှုများပြုလုပ်ရန် တိုက်တွန်းအားပေးထား ပါသည်။

*HARP-F* သည် မြန်မာနိုင်ငံတွင် ပဋိပက္ခများ ဖြစ်ပြီးပြီးချင်း နှင့် ကာလကြာဖြစ်ပွားနေသော ပဋိပက္ခများတွင် ပြည်တွင်း အရပ်ဖက်အဖွဲ့ အစည်းများ၏ အခန်းကဏ္ဍကို အားကောင်းစေရန် အထူးပြုဆောင်ရွက်ပေးနေသော လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များ ပေးအပ်နေသည့် ဆန်းသစ်သော ရန်ပုံငွေထောက်ပံ့သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆက်တိုက်ဖြစ်ပေါ်နေသော ပဋိပက္ခ များ နှင့် သဘာဝကပ်ဘေးများကြောင့် ထိခိုက်ခံစားခဲ့ရသူများ နှင့် ထိုင်းနိုင်ငံနယ်စပ်ဒေသတွင် ၂၀၁၇ ခုနှစ်ကတည်းက ရေတို/ လတ်တလော လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းရန်၊ ကြံ့ကြံ့ခံနိုင်မှု တည်ဆောက်ရန် နှင့် ထိလွယ်ရှလွယ်ဖြစ်မှုများ လျှော့ချရန် မိတ်ဖက်အဖွဲ့အစည်းများမှတဆင့် ကျွန်ုပ်တို့ အတူလုပ်ဆောင်ခဲ့ပါသည်။

ဗြိတိန်ပြည်သူများမှ လှူဒါန်းသည်

ယခုစာစောင်ကို **UK** အစိုးရမှ ထောက်ပံ့သည့် **UK** ရန်ပုံငွေဖြင့် ထောက်ပံ့ထားပါသည်။ သို့သော် ဖော်ပြထားသည့် ရှုထောင့်အမြင်များသည် **UK** အစိုးရ၏ တရားဝင်မူဝါဒများကို ထင်ဟပ်ဖော်ပြနေသည်ဟု မဆိုနိုင်ပေ။

မှ ထောက်ပံ့ထားပါသည်။

**www.harpfacility.com**